# အမျိုးသားရေးဝါဒ...

## ဘာလဲ၊ ဘယ်လဲ

*စာတမ်းရေးသားပြုစုသူ* ||| မင်းသေ့ |||

၁၇၊ မေ၊ ၂၀၁၈။

ဗမာပြည်သည် တို့ ပြည်

ဗမာစာသည် တို့ စာ

ဗမာစကားသည် တို့ စကား

တို့ ပြည်ကို ချစ်ပါ

တို့ စာကို ချီးမြှင့်ပါ

တို့ စကားကို လေးစားပါ.....။

**တို့ ဗမာအစည်းအရုံး၏ ကြွေးကြော်သံ**

# အမျိုးသားရေးဝါဒ ဘာလဲ၊ ဘယ်လဲ

## နိဒါန်း

ယခုအခါ၊ မြန်မာပြည်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်စဉ်၏ ဖြေလျော့ရေးအဆင့်တွင် သိသိသာသာ ဝင်ရောက်လာပါသည်။ အသွင်ကူးပြောင်းရေးစိန်ခေါ်ချက်များကို ကြုံတွေ့နေရသလို၊ နိုင်ငံ၏

အခြေခံမှုများမှာ လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် အရှိတရားတို့ အကြား ကွဲပြားမှု ရှိနေသည် ။ အထူးသဖြင့်၊ စစ်ဘက်အုပ်ချုပ်ရေးစနစ်မှ အသွင်ကူးပြောင်းလာသော မြန်မာနိုင်ငံအဖို့ ၊ စစ်ဘက်မှ တင်သွင်းလာသော အမျိုးသားရေးဝါဒနှင့် ထိပ်တိုက်တိုးမိခြင်းများကို တွေ့နေရသည် ။

ဤနေရာတွင် အမျိုးသားရေးဝါဒသည် လစ်ဘရယ် ဒီမိုကရေစီ၏ ရန်ဘက်လော၊ မိတ်ဘက်လောဆိုသည့် အဆိုကို ရှင်းပြရန် ရည်ရွယ်ပါသည် ။

ထိုမျှမက မြန်မာပြည်၏ သမိုင်းကြောင်းနောက်ခံကို ဆန်းစစ်ရသော်၊ အမျိုးသားရေးဝါဒသည် ဘယ်သို့ဘယ်ပုံရှိခဲ့သည် ၊ ကျေးဇူးပြုခဲ့သည် ၊ ဖြစ်တည်လာမည်ကို ကောက်ချက်ဆွဲရန် လိုသည် ။ ကမ္ဘာအနှံ့အပြားတွင် အမျိုးသားရေး ပုံစံသစ်များ အမျိုးမျိုး ရှိခဲ့သည် ။ ရှိလည်း ရှိနေပါသည် ။ သီအိုရီအရ၊ အမျိုးသားရေးဝါဒ မျိုးကွဲများကိုလည်း ပညာရှင်အသီးသီးက ရှာဖွေဖော်ထုတ်ခဲ့သည် ။

ကမ္ဘာကြီးမှာ လည်း နိုင်ငံအသီးသီးက ကိုယ်စီကိုယ်ငှ ကိုင်ဆွဲသော အမျိုးသားရေးဝါဒသစ်များ လည်း ရှိပါသည် ။ အသွင်မတူ၊ ပုံစံမတူ၊ တိမ်းညွှတ်ချက် မတူသော်လည်း အမျိုးသားရေးဝါဒ၏ အခြေခံသဘောများကို ဗဟိုပြုပြီး ပြုပြင်စီရင်ခဲ့ကြပါသည် ။

အမျိုးသားရေးဝါဒနှင့်ပတ်သက်၍ မျက်နှာစာ နှစ်ဖက်မက ရှိနိုင်ပါလိမ့်မည်။ ဤစာတမ်းတွင် အဆိုပါမျက်နှာစာများကို တတ်နိုင်သမျှ ဖော်ထုတ်ဖို့ ကြိုးစားပါမည်။ ပါမောက္ခ ဟန်တင်တန်၏ အလိုအရ ၂၁ ရာစုသည် အမှတ်သရုပ်ချင်း စီးချင်းထိုး၊ ပဋိပက္ခတို့ များ စွာကြုံတွေ့နိုင်သည့် ရာစုနှစ် ဖြစ်လိမ့်မည်ဟူသော ဟောကိန်းနှင့်အတူ၊ အမျိုးသား

ရေး အမှတ်သရုပ်အချင်းချင်းအကြား တိုက်ပွဲများ ၊ ပဋိပက္ခများ ထိပ်တိုက်တိုးခြင်းများကို နေ့စဉ်နေ့တိုင်း ကြုံရ၊ ကြားရ၊ မြင်ရနေရသည် ။

ထိုအခြင်းအရာများကို ထောက်ချင့်၍ အမျိုးသားနိုင်ငံတည်ဆောက်ရေးကို ဒီမိုကရေစီတည်ဆောက်ရေးနှင့် ယှဉ်ဘက် လျှောက်လှမ်းနေရသော မြန်မာနိုင်ငံအဖို့ ၊ ပိုမိုကောင်းမွန်သော အမျိုးသားရေး အခြေခံမူများကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်ပါသည် ။ ၂၁ ရာစုနှင့် ကိုက်ညီသော၊ လက်ရှိနိုင်ငံရေးလားရာနှင့် အံဝင်ခွင်ကျဖြစ်သော အမျိုးသားရေး စရိုက်လက္ခဏာများ ၊ အမျိုးသားရေးအမှတ်သရုပ်များကို ဘုံတူညီချက်အပေါ် အခြေခံ၍ လျှောက်လှမ်းရမည် ဖြစ်ပါကြောင်း ……။

***

## ၁။ ဖွင့်ဆိုချက်

မောင်ဝံသ ပြုစုသော၊ **ခေတ်မီနိုင်ငံရေးဝေါဟာရ အဘိဓာန်** တွင် အမျိုးသားရေးဝါဒကို ဤသို့ အဓိပ္ပာယ်ဖွင့်သည် ။

**အမျိုးသားရေးဝါဒ။** ။မျိုးနွယ်တူ၊ ယဉ်ကျေးမှုတူ၊ ဘာသာစကားတူ နိုင်ငံသားပြည်သူများ ထားရှိကြသည့် နိုင်ငံရေးခံယူချက် ဖြစ်သည် ။ အမျိုးသားရေးဝါဒကို ယုံကြည်ထားသူများ သည် အများ လက်ခံသော နိုင်ငံရေးစနစ်တစ်ခုအောက်တွင် ညီညီညွတ်ညွတ် နေထိုင်ကြရန် လိုလားသည် ။ အခြားတိုင်းတစ်ပါးသား လူမျိုးခြားတို့ ၏ ဩဇာအာဏာ အချုပ်အခြယ်ကို လုံးဝမလိုလားဘဲ၊ လွတ်လပ်စွာ နေထိုင်လိုကြသည် ။ ကမ္ဘာ့အခြားနိုင်ငံများ နှင့် တန်းတူရည်တူ အခွင့်အရေးများ ရလိုသည် ။ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည် ။ အမျိုးသားရေးဝါဒကို ကိုင်စွဲသော အမျိုးသားရေးဝါဒီများ သည် အမျိုးသားအကျိုးစီးပွားအတွက်ဆိုလျှင် သဘောတရား ရေးဝါဒစွဲများကို ရှေ့တန်းမတင်ဘဲ ညီညွတ်ရေးရယူနိုင်ကြသည့် သာဓကများ ရှိခဲ့သည် ။ အမျိုးသားရေးဝါဒသည် လူမျိုးခြားများကို မုန်းတီးဆန့်ကျင်သည့် အဆင့်သို့ ရောက်သွားလျှင် အမြင်ကျဉ်း အမျိုးသားရေးဝါဒ ဖြစ်သွားသည် ။

စာ - ၃၉၂/ ခေတ်မီနိုင်ငံရေးဝေါဟာရ အဘိဓာန်၊ မောင်ဝံသ

မကြင်ဒွေး ပြုစုသော လူမှုရေးပထဝီဝင် အဘိဓာန်၌ အမျိုးသားရေး ဝါဒကို ဤသို့ အနက်ဖွင့်သည် ။

**အမျိုးသားရေးဝါဒ။** ။ (၁) အမျိုးသားရေးစိတ်ဓာတ် - နိုင်ငံသား အဖြစ် ခံယူသော စိတ်ဓာတ်။ (၂) အမျိုးသားအုပ်စုများ နှင့် ၎င်းတို့ ၏ နယ်မြေများ အချင်းချင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့် ယှဉ်တွဲတည်ရှိနိုင်ခွင့် ရှိရမည်ဟူသော နိုင်ငံရေးအယူအဆ။

ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရှိရေး (ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေး) မူဝါဒ အပေါ် အခြေခံထားသော ဤအယူအဆကို လိုအပ်သလို အသုံးပြုလေ့ရှိသည် ။ စစ်ကြိုခေတ်နှင့် (ဒုတိယကမ္ဘာ) စစ်ပြီးစအချိန်က ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးဝါဒအဖြစ် အသုံးပြုခဲ့သည် ။ နိုင်ငံအတွင်း သီးခြားဘာသာစကား၊ အယူဝါဒ၊ ဓလေ့ထုံးစံများ ရှိသော လူနည်းစုများ ကမူ 'အမျိုးသားရေးဝါဒ'ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး၊ ခွဲထွက်ခွင့်ရရေးတို့ အတွက် အသုံးချသည် ။

နိုင်ငံအစိုးရများ ၏ အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားအကျိုးစီးပွားဟူသော ကြွေးကြော်မှုများ သည် လည်း အမျိုးသားရေးဝါဒကို ဖော်ညွှန်းသည် ။ မျိုးနွယ်တူ နယ်မြေသိမ်းသွင်းရေးဝါဒသည် လည်း အမျိုးသားရေးဝါဒပင်ဖြစ်သည် ။

စာ - ၂၁၉ ၊ လူမှုရေး ပထဝီဝင် အင်္ဂလိပ် - မြန်မာ အဘိဓာန် ၊ မကြင် ဒွေး

"Nation ဆိုတာ ဘာလဲဆိုတော့ အနီးစပ်ဆုံးပြောရမယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းထဲမှာ ဂျိုးဇက်စတာလင်ရဲ့ အဆိုအမိန့်ကို ကိုးကားတယ်။ နှစ်ပရိစ္ဆေဒများ စွာ အတူတကွ နေထိုင်တဲ့ လူမျိုးအစုအဝေးကြီးတစ်ခု။ သူက ကိုယ့်ရဲ့ လူမှုရေးဘဝ၊ နိုင်ငံရေးဘဝ၊ စီးပွားရေးဘဝတွေကို တစ်ယောက်နဲ့ တစ်ယောက်မျှဝေပြီးတော့ ခံစားကြတဲ့ လူမျိုးစုကြီးတစ်စု။ အဲ့ဒါကို Nation လို့ အဓိပ္ပာယ်ဖွင့်တယ်။"

စာ - ၂၆ ၊ နိုင်ငံတော်သစ်နှင့် အမျိုးသားအမှတ်သရုပ် ၊ ကိုကိုကြီး

**နေးရှင်း**[1] ဆိုသည့် ဝေါဟာရ၏ အနက်မှာ လက်တင်ဘာသာစကား "**နက်စ်စီ**"[2] ဆိုသည့် စကားမှ လာသည် ။ မွေးဖွားခြင်းဟု အဓိပ္ပာယ်ရသည် ။ နေးရှင်းဟူသော ဝေါဟာရသည် ရှုပ်ထွေး၍ အနက်ကောက်ရန် ခက်သောစကားလုံး ဖြစ်လာသည် ။ ယေဘုယျအားဖြင့် ယဉ်ကျေးမှုအရ ၊ နိုင်ငံရေးအရ၊ စိတ်ပိုင်းဆိုင်ရာအရ စုစည်း၍ ပုံဖော်ထားသော လူ့အသိုင်းအဝန်းဟု ပညတ်နိုင်သည် ။

**ယဉ်ကျေးမှုအရ** အနက်ဖွင့်ရလျှင် ဘာသာစကားတူ၊ ကိုးကွယ်ယုံကြည်မှုတူ၊ သမိုင်းတူ၊ ဓလေ့စရိုက်တူသော အမှတ်အသားရှိ လူအုပ်စုကို ခေါ်ခြင်းဖြစ်သည် ။ ယဉ်ကျေးမှုအရဆိုလျှင် အလွှာလိုက် အလွှာလိုက် အဆင့်လိုက် အဆင့်လိုက် ရောထွေးဖြစ်တည်မှုသဘောရှိသည် ကိုလည်း မမေ့အပ်။

**နိုင်ငံရေးအရ** အနက်ဖွင့်ရလျှင် သဘာဝအတိုင်း နိုင်ငံရေးအသိုက်

အဝန်းတစ်ခုအတွင်း ဖြစ်တည်လာသော လူအုပ်စုကို ခေါ်ခြင်းဖြစ်သည် ။ ရေကြည်ရာ မြက်နုရာ ကျင်လည်စားသောက်နေထိုင်ကြရင်း၊ လူ့သဘာဝအရ စုဖွဲ့နေထိုင်ခြင်း၊ မိမိတို့ လုံခြုံရေးအလို့ ငှာ ပေါင်းစည်းစုပေါင်းနေထိုင်ရင်း နိုင်ငံတစ်ခုကဲ့သို့ လူ့အဖွဲ့အစည်းမျိုးဖြစ် လာပြီးနေထိုင်ဖြစ်တည်လာသော လူအုပ်စုဟု အနက်ဖွင့်နိုင်သည် ။ ထိုစိတ်ရင်းအခံကြောင့် **နိုင်ငံသားစိတ်**[3] မျိုးပေါက်ဖွား၊ ကျယ်ပြန့်လာကြသည် ။

**စိတ်ပိုင်းဆိုင်ရာအရ** အနက်ဖွင့်ရလျှင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တစ်မိတည်းဖွား ဆိုသည့် ဇာတိဗီဇစိတ်အခံကြောင့် ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်သွေးချင်းပေါ် သစ္စာစောင့်သိခြင်း၊ ချစ်ခင်တွယ်တာခြင်းတို့ ဖြင့် ဖြစ်တည်လာသော လူအုပ်စုကို ခေါ်သည် ။ သို့သော် လူဦးရေအရ ကြီးမားကျယ်ပြန့်စွာ ပွားစီးလာသောအခါ ဤသို့သော စိတ်အခံမျိုး ပါးလျလာသည် ။ အနေဝေးတော့ သွေးအေးလာသည့် သဘော၊ များ ပြားတော့ အသွေးအရောင်တူပေသိ စိတ်ပိုင်းဆိုင်ရာအရ အမျိုးဟု ကြာရှည်စွဲမြဲစွာ ခံယူရန် အားမကောင်းတော့သည့် သဘောဖြစ်သည် ။

1 Nation * ref; Politics (third edition) by Andrew Heywood

2 (from the Latin nasci, meaning ‘to be born’)

3 Civic Consciousness

နေးရှင်း၏ အနက်ကို မကြင်ဒွေး၏ လူမှုပထဝီဝင် အဘိဓာန်၌ ဤသို့ဖွင့်ထားသေးသည် ။

**နေးရှင်း။** ။ (၁) နိုင်ငံ၊ (၂) အမျိုးသားအုပ်စု -

နယ်မြေတစ်ခုပေါ်တွင် နေထိုင်ပြီး တူညီသည့် ယဉ်ကျေးမှုရှိသော လူတစ်စု။ အုပ်စုအတွင်း တူညီသော ယဉ်ကျေးမှုရှိသဖြင့် အမျိုးသားစိတ်ဓာတ်ဖြင့် စည်းလုံးမိသည် ။ အခြား အမျိုးသားအုပ်စုတို့ ၏ ဖန်တီးမှုကြောင့် ၎င်းတို့ နေထိုင်ရာ နယ်မြေမှာ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်များခြား၍ နိုင်ငံနှစ်နိုင်ငံ (သို့မဟုတ်) သုံးနိုင်ငံအတွင်း ကျရောက်နေသည်လည်း ရှိသည် ။ ဥပမာ ကဒ်နယ်မြေနှင့် အမျိုးသားအုပ်စုသည် တူရကီ၊ အီရန်၊ အီရတ် သုံးနိုင်ငံအတွင်း တည်ရှိသည် ။ ထို့ကြောင့် အမှတ် (၂)အဓိပ္ပာယ်မှာ နိုင်ငံမဟုတ်ချေ။

စာ - ၂၁၈ ၊ လူမှုရေးပထဝီဝင် အဘိဓာန် ၊ မကြင်ဌေး။

အမျိုးသားရေးဝါဒကို တူညီမှုများ အောက်တွင် စုစည်းထားသည် ။ ဘုံတူညီမှုများ ဟု ဆိုနိုင်သည် ။ ၎င်းတို့ မှာ -

လူမျိုးတူ (အသွေးအရောင်တူ)

ဘာသာစကားတူ

ယဉ်ကျေးမှုတူ

ယုံကြည်ကိုးကွယ်ရာတူ

သမိုင်းကြောင်းတူ

ဒေသတူ4

စသည့် ဘုံတူညီချက်များ အပေါ် စုစည်းထားသည် ။ အမျိုးသားရေးဝါဒသည် လူမျိုးကို ကပ်သောကော် ဖြစ်သည် ။ လူမျိုးနှင့် နိုင်ငံအကြားကပ်ထားသောကော်ဖြစ်သည် ။ လူ့အသိုင်းအဝိုင်းအကြား စုစည်းထားသော လူမျိုးရေး ယုံကြည်ချက်ဖြစ်သည် ။

*****